## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 29 , 2023 | Volume 69, Number 20

၂၉.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၇၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အရန်ဆန်များ ရောင်းချပေးလျက်ရှိပြီး ပြည်တွင်း၌ ဆန်ဈေးနှုန်းတည်ငြိမ်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်း အဆမတန်မြင့်တက်လျက်ရှိခြင်းကြောင့် ဆန်ဈေးနှုန်း တည်ငြိမ်စေရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သက်သာသည့် နှုန်းထားဖြင့် အရန်ဆန်များကို ဦးစားပေးရောင်းချလျက်ရှိပြီး ဩဂုတ် ၂၅ ရက်အထိ ဆန်အိတ်ပေါင်း ၃၀၀,၀၀၀ ခန့် ရောင်းချပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဦးရဲမင်းအောင်က ဆင်ဟွာသို့ ယနေ့ ဩဂုတ် ၂၈ ရက်တွင်ပြောသည်။

ဦးရဲမင်းအောင်က "အဓိကတော့ သတင်းမှားတွေကြောင့် ဈေးတက်တာဖြစ်ပါတယ်။ လျှပ်စစ်လျှော့နည်းရရှိမှုကလည်း အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ သိုလှောင်ပြီး ဈေးကစားလိုတဲ့သူတွေကြောင့် ဈေးတွေမတည်ငြိမ်မှုဖြစ်ပွားတာပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အခုလိုပြင်ပထက် သက်သာတဲ့နှုန်းထားတွေနဲ့ ရောင်းချပေးနေတာဖြစ်ပါတယ်။ ဆက်ပြီးလည်း ရောင်းချသွားမှာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဩဂုတ်လဆန်းမှစတင်၍ ရန်ကုန်တွင် ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ဆန်များကို စတင်ရောင်းချပေးခဲ့ကြောင်းသိရသည်။ ဆန်ဝယ်ယူလိုသူအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသရန်လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ် တစ်ကတ်လျှင် တစ်လအတွက် ပေါ်ဆန်း အမျိုးအစားဆန်တစ်အိတ်နှင့် ဧည့်မထအမျိုးအစား ဆန်တစ်အိတ်ကို ရောင်းချပေးလျက်ရှိကြောင်းသိရသည်။ "အခုတော့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ရခိုင်ပြည်နယ်တို့မှာပါ တိုးချဲ့ ရောင်းချပေးနေပါပြီ" ဟု ဦးရဲမင်းအောင်ကပြောသည်။

ဆန်စပါးသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်ပြီး ဖူလုံရုံမက ပိုလျှံမှုရှိသောကြောင့် ပြည်ပသို့နှစ်စဉ် တင်ပို့ရောင်းချနေရကြောင်းနှင့် ယခုနှစ်တွင်လည်း စပါးလက်ကျန်၊ ဆန်လက်ကျန် လုံလုံလောက်လောက်ရှိကြောင်း သိရသည်။ ထို့ကြောင့် ဆန်ဈေးနှုန်းများ သင့်တင့်မျှတ၍ တည်ငြိမ်စေရန်နှင့် ဆန်ဈေးနှုန်းများကို ဈေးကစားလိုသောသဘောဖြင့် ဆောင်ရွက်မှုများ၊ သိုလှောင်ထားပြီး ဈေးနှုန်းမြှင့်တင် ရောင်းချမှုများမဖြစ်စေရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်ညီနောင်အသင်းများ အနေဖြင့် အားလုံးဝိုင်းဝန်းထိန်းသိမ်းရန် နှိုးဆော်ထားကြောင်း ဦးရဲမင်းအောင်က ဆိုသည်။

ထို့ပြင် ဆန်တစ်ပြည်လျှင် ၂၅၀၀ ကျပ်ထက်မပိုသောနှုန်းထားဖြင့် ဧည့်မထဆန် (Export Quality) ကို အခြေခံပြည်သူများအတွက် ရောင်းချပေးလိုပါက စားသုံးသူရေးရာဦးစီးဌာန၏ စိစစ်မှုဖြင့် အသင်းချုပ်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဝါးတန်းကုန်စည်ဒိုင် ဈေးကွက်တွင် ရောင်းချမှုများနှင့် ဆက်စပ်သည့် ရောင်းချဈေးနှုန်းများမှာ ဩဂုတ် ၂၈ ရက်မှစတင်၍ ရွှေဘိုပေါ်ဆန်းများကို တစ်အိတ်လျှင် (၁၅၀,၀၀၀-၁၆၀,၀၀၀) ရောင်းဈေးခေါ်ရောင်းချခြင်း လုံးဝမလုပ်ဆောင်ဘဲတစ်အိတ်လျှင် ၁၂၅,၀၀၀ ကျပ်ထက်မပိုသော နှုန်းဖြင့် ဈေးလျှော့ရောင်းချရန်၊ ဧရာဝတီပေါ်ဆန်း အုပ်စုများကို တစ်အိတ်လျှင်ကျပ် (၁၁၀,၀၀၀-၁၂၀,၀၀၀) ဖြင့် ရောင်းချမှုလုံးဝမလုပ်ဆောင်ဘဲ တစ်အိတ်လျှင် ကျပ် (၉၀,၀၀၀ )မှ ကျပ် (၁၀၀,၀၀၀) အတွင်းသာ ဈေးလျှော့ရောင်းရန်၊ ရက်၉၀ ဆန်များကို တစ်အိတ်လျှင် ကျပ် (၇၂,၀၀၀) ထက်မပိုသော နှုန်းဖြင့်ဈေးလျှော့ရောင်းရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ နှိုးဆော်ထားကြောင်း သိရသည်။

ပြည်ပသို့ ဆန်တင်ပို့မှုရပ်မည် ဆိုသည်မှာ လတ်တလောတွင် ဆွေးနွေးဆဲဖြစ်ကြောင်းသိရသည်။ "အိတ်စပို့ဆန်နဲ့ပြည်တွင်းစားဆန်က တော်တော်များများ မတူပါဘူး။ ပြည်တွင်းစားဆန်တွေက အဓိကဈေးတက်ပါတယ်။ အိတ်စပို့ ကိစ္စကတော့ဒီနှစ်မှာ တန် (၂) သန်းကျော် တင်ပို့ဖို့ နဲ့တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် export revenue ရဖို့မှန်းထားပါတယ်။ အိတ်စပို့ရပ်မယ်ဆိုတာ (ဆွေးနွေးဆဲ) ပါ။ ရပ်ရင်လည်း ရက်ပိုင်း၊ လပိုင်းပါပဲ။ တစ်လ၊ နှစ်လပါပဲ" ဟု ဦးရဲမင်းအောင်က ဖြည့်စွက်ပြောကြားခဲ့သည်။

ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယင်းတို့အနက် ဆန်စက်များအနေဖြင့် မိမိတို့ဝယ်ယူသိုလှောင်ထားသော စပါးများ၊ ကုန်အပ်လက်ခံထားသော စပါးများကို စနစ်တကျစာရင်းပြုစုထားရန်၊ ဝယ်ဈေး၊ ရောင်းဈေးနှင့် ဝယ်သူ၊ ရောင်းသူမှတ်တမ်းများ၊ ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်မှတ်တမ်းများ စနစ်တကျထားရှိရန်၊ ဆန်စက်များအနေဖြင့် လျှပ်စစ်မီးရရှိချိန်များတွင် ဆန်စက်များ စွမ်းအားပြည့်လည်ပတ်ရေးဆောင်ရွက်ရန်၊ နေ့စဉ်ဆန်စက်လည်ပတ်ချိန်များကို မှတ်တမ်းထားရှိရန်၊ လျှပ်စစ်မီးလျော့နည်းရရှိခြင်းကြောင့် ဒီဇယ်ဖြင့် ဆန်စက်လည်ပတ်ရန်လိုအပ်ပါကမြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်အသင်းခွဲများ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ထံသို့ တင်ပြရန်၊ စက်ချို့ယွင်းမှုကြောင့်ဆန်စက် မလည်ပတ်နိုင်မှုအခြေအနေရှိပါက ကြိုတင်၍သတင်းပို့ရန်၊ ဧရာဝတီပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းစသောပြည်တွင်းဆန်နှင့်စပါးများကို သိုလှောင်ထားပါက သိုလှောင်မှုမှတ်တမ်းများထားရှိရန်နှင့် ဈေးကွက်အတွင်းသို့ ပုံမှန်ရောင်းချမှုအတိုင်း ပုံမှန်ထုတ်ရောင်းပေးရန်၊ ပစ္စည်းရှိလျက် လျော့နည်းရောင်းချမှုမျိုး လုံးဝမပြုလုပ်ရန်၊ ဆန်ဈေး၊ စပါးဈေးမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေသူများကို ဝိုင်းဝန်းဖော်ထုတ်ပြီး အသင်းချုပ်သို့ဖြစ်စေ၊ သက်ဆိုင်ရာဌာနဆိုင်ရာများသို့ဖြစ်စေ အချိန်မီတင်ပြအသိပေးထားရန် တိုက်တွန်းနှိုးဆော်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source:** https://xinhuamyanmar.com/news/business/nm-230802800014/

## အိန္ဒိယ ကြက်သွန်စိုက်တောင်သူများ ဆန္ဒပြ

အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ မဟာရာရှ်ထရာဒေသ၊ နာရှစ်ခ်ခရိုင်ရှိ ကုန်သည်များအနေဖြင့် ကြက်သွန်နီများကိုလေလံစနစ်ဖြင့်ဝယ်ယူခြင်းကို ပြန်လည်စတင်ခဲ့သော်လည်း လယ်သမားများက ၎င်းတို့၏ထွက်ကုန်များကို ဈေးနိမ့်ဝယ်ယူမှုကြောင့် ဆက်လက်ဆန္ဒပြခဲ့ကြပါသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ကြက်သွန်နီတင်ပို့မှုအပေါ် အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ဩဂုတ် ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့သဖြင့် ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်သည် ကြက်သွန်စိုက်ပျိုးသူများနှင့်တင်ပို့မှုအပေါ် ဆိုးရွားစွာထိခိုက်ကြောင်း ဆန္ဒပြတောင်သူများက ပြောသည်။

အကောက်ခွန်အရာရှိများသည် ဆိပ်ကမ်းအသီးသီးတွင် ပို့ကုန်အကောက်ခွန်ကို တွက်ချက်ရာ၌ မတူညီသော အခြေခံဈေးနှုန်းများကို အသုံးပြုထားသောကြောင့် ကြက်သွန်တင်ပို့မှုမှာ ကမောက်ကမဖြစ်နေကြောင်း သိရှိရသည်။ သွယ်ဝိုက်အခွန်နှင့် အကောက်ခွန်ဗဟိုဘုတ်အဖွဲ့ (CBIC)သည် ပြည်တွင်းဈေးနှုန်းကိုထိန်းညှိရန် မကြာသေးမီက အိန္ဒိယနိုင်ငံမှ

တင်ပို့သည့် ကြက်သွန်နီများအပေါ် အကောက်ခွန် ၄၀ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်ကြောင်း တရားဝင် အမိန့်ထုတ်ပြန်ခဲ့သည်။ ပို့ကုန်ခွန်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အကျိုးဝင်မည်ဖြစ်ကြောင်း အဆိုပါအမိန့်တွင် ဖော်ပြထားသည်။

သို့ဖြစ်၍ အိန္ဒိယပြည်တွင်းရှိ ဆိပ်ကမ်းအသီးသီးတွင် အကောက်ခွန်အာဏာပိုင်များက ဩဂုတ် ၁၉ ရက်မှစ၍ တင်ပို့မှုအပေါ် အခွန် ၄၀ နှုန်းကိုတွက်ချက်ရန် အကောက်ခွန်အာဏာပိုင်များက အမျိုးမျိုးသော အခြေခံနှုန်းထားများကို အသုံးပြုနေသောကြောင့် အိန္ဒိယကြက်သွန်တင်ပို့မှုသည် ပိုမိုအခက်အခဲနှင့် ရင်ဆိုင်နေရသည်။ အကောက်ခွန်အာဏာပိုင်များသည် ပို့ကုန်လုပ်ငန်းရှင်များ ပို့ကုန်အခွန်၏ သက်ရောက်မှုကိုလျှော့ချနိုင်ရန်အတွက် တင်ပြသည့်ကုန်ပစ္စည်းများ၏ ပို့ကုန်ကြေညာလွှာများတွင် ဈေးနှုန်းကိုလျှော့နည်းဖော်ပြခြင်းမပြုနိုင်ရန် အခြေခံဈေးနှုန်းကို သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** indiashippingnews.com

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၃၀၇၉၇၉.၉၆၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၇၅၆၁၁၂.၀၈၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။


တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာနှင့်ပြောင်းများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၉၁၉၈၆.၄၄၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၂၁၅၉၉၃.၅၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ ဓါတ်မြေဩဇာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ ဝါယာကြိုးများ၊ သားရေ/ သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၄၄၅၇၀.၈၅၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၁၁၅၄၁.၂၃၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၄၈၅ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## အုန်းသီးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်မည်



တတိယအကြိမ် အုန်းသီးအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် Virtual စနစ်ဖြင့် ပြုလုပ်ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အက်ခ်ကမက်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (ACEMES-ROK Cooperation Fund) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော Coconut Project မှ တတိယအကြိမ် သင်တန်းအစီအစဉ်ဖြစ်သည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း ဦးဆောင်သည့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းပို့ချသူများအဖြစ် ဆောင်ရွက်မည့် သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ စုစုပေါင်း (၈) ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ဆွေးနွေးခဲ့ပြီး သင်တန်းဖွင့်လှစ်ပို့ချမည့် နေ့ရက်၊ သင်တန်းပို့ချမည့်နေရာနှင့် အချိန်၊ သင်တန်းတွင်ပို့ချပေးမည့် အုန်းသီးအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်အမယ်များ စာရင်းတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

သင်တန်းတွင် ပို့ချမည့် စားသောက်ကုန်အမယ်များအနေဖြင့်...

**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ Nata De Coco Processing၊ Vacuum Frying Coco Flake နှင့် Coco Activated Charcoal ပြုလုပ်ခြင်း၊**

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အုန်းသကြား၊ အုန်းရေခဲမုန့်၊ Coconut Jelly နှင့် Coconut Syrup ပြုလုပ်ခြင်း၊**

မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ Coconut Sweet Candy ၊ Young Coconut Jelly နှင့် Coconut Gummy Jelly ပြုလုပ်ခြင်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ဆက်လက်၍ သင်တန်းတက်ရောက်မည့် သင်တန်းသားများစာရင်းကို အဆိုပြုပေးပို့ရန်နှင့် စီမံကိန်းမှဆက်လက် ဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6761-coconut-project.html

## ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေသည့် ခွံပျော့ကဏန်း မွေးမြူခြင်းလုပ်ငန်း အောင်မြင်နေ



ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်တွင် အခွံပျော့ကဏန်းများ စီးပွားဖြစ်မွေးမြူကာ ပြည်ပဈေးကွက်သို့ထိုးဖောက်ရောင်းချနိုင်ရန် စီစဉ်နေကြောင်း လက်ရှိလုပ်ငန်းအောင်မြင်နေသည့် GW NINE FIVE(SSC CRAB)မှ Operations Manager ဦးသန်းဇော်ဦးထံက နိုင်ငံပိုင်သတင်းဌာနမှတဆင့် ပြောကြားထားသည်။

ယင်းကဲ့သို့ ကဏန်းမွေးမြူရာတွင် ရွှံ့ကဏန်းအခွံမာများအား ကန်များအတွင်း ခြင်းများဖြင့်ထည့်၍ အခွံပျော့ကဏန်းဖြစ်သည်အထိ မွေးမြူထားရှိပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန် စီစဉ် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းကို ၂၀၂၂ ခုနှစ်၊ ဧပြီလမှစတင်ကာ ကန်များတူးဖော်လုပ်ကိုင်ခဲ့ပြီး စက်တင်ဘာလတွင် ကဏန်း စထည့်ခဲ့ခြင်းဖြစ်ကြောင်း ဦးသန်းဇော်ဦးကဆိုသည်။

100 kg အောက် ရွှံ့ကဏန်း အခွံမာများကိုဝယ်ယူပြီး အခွံပျော့ကဏန်းဖြစ်သည်အထိ မွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ရပြီး ကဏန်းပျော့များရရှိလာပါက အောက်ဆီဂျင်ပေးပြီး ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံများသို့ နေ့စဉ်တင်ပို့နေခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ယင်းသို့ တင်ပို့ထားသည့် ခွံပျော့ကဏန်းများကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ ကုမ္ပဏီများမှတဆင့် ပြည်ပနိုင်ငံများသို့ Exports ဆက်လက်တင်ပို့ကြခြင်းဖြစ်ပြီး နောင်နှစ်များတွင် လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ကာ ပြည်ပဈေးကွက်များအထိ ထိုးဖောက်ရောင်းချနိုင်ရန် စီစဉ်နေကြောင်း ဦးသန်းဇော်ဦးကပြောသည်။

အဆိုပါ GW NINE FIVE (SSC CRAB) လုပ်ငန်းနှင့် ပတ်သက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှလည်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကစတင်ကာ လုပ်ငန်းအောင်မြင်မှုရရှိစေရန် ကူညီပေးလျက်ရှိကြောင်းလည်း သိရသည်။

ကဏန်းပျော့မွေးမြူခြင်း လုပ်ငန်းအဆင့်ဆင့်မှာ ကန်ပြုပြင်ခြင်း၊ တံတားများဆောက်ခြင်း ၊ ဖောင်များပြင်ပြီးလျှင် ကန်ထဲသို့ ရေသွင်း ရေထုတ်ပြုလုပ်ကာ ကန်သန့်ရှင်းရေးလုပ်ခြင်း၊ ရေပြန်ထည့်ခြင်း ၊ ကဏန်းထည့်ခြင်းတို့ လုပ်ဆောင်ရကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=126929

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ရော်ဘာနှင့်ပြောင်းများတင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်း ငွေပမာဏမှာ ၃၀၇၉၇၉.၉၆၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၆၁၈၅၉၄.၄၇၀ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၁၀၆၁၄.၅၁၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်နေ့အတွင်း ချည်ထည်များ၊ ဓါတ်မြေဩဇာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ ဝါယာကြိုးများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့် မြက်ခင်းတုများတင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၇၅၆၁၁၂.၀၈၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၉၃၂၆၃၅.၂၀၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၇၆၅၂၃.၁၂၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။ တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၄၄၈၁၃၂.၁၂၀ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရတွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၄၈၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ထိုင်းဆန် တစ်တန် ဘတ် ၁၂၀၀၀ သို့ မြင့်တက်

အိန္ဒိယဆန် ပြည်ပတင်ပို့မှု ပိတ်ပင်ပြီးနောက်မြန်မာဆန်တင်ပို့မှုကို ယာယီပိတ်ပင်ထားချိန်တွင် ထိုင်းဆန်ဈေး တစ်တန်လျှင် ဘတ် ၁၂,၀၀၀ သို့ မြင့်တက်ပြီး ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်သည်။

ဆန်ကွဲတင်ပို့မှု ပိတ်ပင်ထားသော အိန္ဒိယသည် ဇူလိုင် ၂၀ ရက်က ဆန်အများစု တင်ပို့မှုကိုပိတ်ပင်ခဲ့သည်။ အခြားဆန် တင်ပို့သည့်နိုင်ငံများတွင်လည်း အလားတူလုပ်ဆောင်နိုင်သည်ဟု စိုးရိမ်မှုများ မြင့်တက်လာခဲ့ပြီး ကမ္ဘာ့ဆန်ဈေးကွက် မတည်မငြိမ်ဖြစ်နေခဲ့သည်။

ယခုအခါ အိန္ဒိယက ဘာစမာတီဆန်ကိုသာ တင်ပို့ခွင့်ပေးထားပြီး ဘာစမာတီဆန်ပို့ကုန်ဈေးနှုန်းသည် အနည်းဆုံး တစ်တန် ကန်ဒေါ်လာ ၁,၂၀၀ ရှိရမည်ဟု ပြဋ္ဌာန်းထားသည်။ ပိတ်ပင်ထားသည့် ဆန်အမျိုးအစား ဝယ်ယူလိုသော နိုင်ငံသည် အိန္ဒိယအစိုးရနှင့် တိုက်ရိုက်ဆွေးနွေးရမည်ဖြစ်သည်။

အိန္ဒိယသည် ကမ္ဘာ့ဆန်ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို တင်ပို့ပြီး ဆန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာ့ဆန်ဈေးအပေါ် သက်ရောက်မှုကြီးမားသည်။ ထို့ပြင် အခြားဆန်အများအပြားတင်ပို့နေသည့် ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အမေရိကန်တို့တွင်လည်း ဂယက်ထစေသည်။

ထိုင်းဆန်တင်ပို့သူများအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က လက်ရှိဆန်ဈေးနှုန်းအခြေအနေသည် အရောင်းသမားများ တိကျသောဈေးနှုန်း သတ်မှတ်ပေးဖို့ ခက်ခဲနေစေသည်ဟုပြောကြားသည်။ မြန်မာဆန်တင်ပို့မှု ယာယီ ရပ်ထားလိုက်ခြင်းက ဆန်ဈေးနှုန်း အတိအကျပြောဖို့ ပိုခက်သွားစေသည်ဟု ၎င်းကပြောကြားသည်။

ထိုင်းဆန်ကုန်သည်များသည် မည်သည့်နိုင်ငံသို့ အိန္ဒိယဆန်ရောင်းချမည်ကို အနီးကပ်စောင့်ကြည့်နေကြသည်။ ထိုသို့ ရောင်းချပေးသည့်ဆန်ပမာဏသည် ကမ္ဘာ့ဆန်ဈေးအပေါ် သက်ရောက်မှုရှိနိုင်သည်။

ဆန်တင်ပို့မှု တတိယအများဆုံးနိုင်ငံဖြစ်သည့် ဗီယက်နမ်က ဆန်တင်ပို့မှုကို ရပ်တန့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း အခြားသော အဓိက ဆန်တင်ပို့သည့် နိုင်ငံများ၏ ဆန်တင်ပို့မှုအတွက် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ မသေချာမရေရာမှုများ ရှိနေဆဲဖြစ်ကြောင်း Chookiat က ပြောကြားခဲ့သည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၈ သန်း တင်ပို့ရန် ရည်မှန်းချက်ဆက်လက်ထားရှိသည်။ သို့သော် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့က အိန္ဒိယဆန်ဝယ်ယူမှု အောင်မြင်ပါက လျာထားချက်ထက်လျော့နိုင်သည်ဟု Chookiat က ဆိုသည်။

**Source: thenationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6757-asia-rice.html

## အိန္ဒိယဆန် တင်ပို့မှုပိတ်ပင်ခြင်းကြောင့် ထိုင်းဆန်ဈေးကွက် ကမောက်ကမဖြစ်

အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့် ထိုင်းနိုင်ငံတွင် အိန္ဒိယဆန် ပြည်ပတင်ပို့မှုပိတ်ပင်ခြင်းကြောင့် ဆန်ဈေးကွက် ကမောက်ကမဖြစ်ကာ ဆန်ဈေး မြင့်တက်သွားခဲ့သည်။

ဈေးကစားရန် ဆန်သိုလှောင်ခြင်းများကြောင့် ဈေးကွက်အတွင်း ပို့ကုန်အတွက် ဆန်ရရှိနိုင်မှု လျော့နည်းသွားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ ပြည်တွင်းဆန်ဈေးသည် သီတင်းပတ် တပတ်အတွင်း ၂၀ ရာခိုင်နှုန်းနီးပါး ခုန်တက်ခဲ့သည်။ တစ်တန်လျှင် ဘတ် ၁၇,၀၀၀ ဝန်းကျင်ရှိနေခဲ့ရာမှ ဘတ် ၂၁,၀၀၀ ($597) သို့ မြင့်တက်ခဲ့သည်။ သို့ဖြစ်ရာ ၅% ဆန်ကွဲပါ ပို့ကုန်ဆန် ဆန်ဖြူ ဈေးနှုန်း မြင့်တက်သွားစေခဲ့သည်။ တတန်လျှင် $610 သို့ ရောက်ရှိသွားပြီး ကမ္ဘာ့ဆန်ဈေး ဈေးတက်သွားစေခဲ့သည်။ ကမ္ဘာ့ဆန်ဈေးသည် ၁၁ နှစ်တာအတွင်း အမြင့်ဆုံးသို့ ရောက်ရှိနေသည်။

ထိုင်းအစိုးရသည် ဆန်တင်ပို့မှုကို ကန့်သတ်ရန်အစီအစဉ်မရှိသော်လည်း ဆန်လိုသလောက်ရရှိနိုင်ဖို့ မသေချာမှုများကြောင့် ထိုင်းဆန်တင်ပို့သူများသည် အရောင်းစာချုပ်ချုပ်ဆိုရန် တွန့်ဆုတ်နေကြသည်။

ထိုင်းနိုင်ငံသည် ပုံမှန်အားဖြင့် ဆန်တန်ချိန် သန်း ၂၀ ခန့်ထုတ်လုပ်ပြီး ထက်ဝက်ကို ပြည်တွင်းမှာစားသုံးပြီး ကျန်ထက်ဝက်ကို ပြည်ပသို့တင်ပို့သည်။ “ကျွန်တော်တို့မှာ နှစ်စဉ် ဆန်ပိုလျှံနေတဲ့အတွက် ထိုင်းနိုင်ငံမှာ အခုလို ဆန်ရှားနေတာ တစ်ခါမှမရှိခဲ့ဘူး”ဟု ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားသည်။ "အခုအခါမှာ ထိုင်းဆန်ဈေးကွက်မှာ ကမောက်ကမ ဖြစ်နေပါတယ်။ ဆန်ပို့ကုန်လုပ်ငန်းရှင်များက ဈေးနှုန်းအတက်အကျနှင့် ဆန် ရမရ မရေရာတော့ ဈေးမပြောနိုင်ကြဘူး" ဟု ၎င်းကပြောကြားသည်။ ဆန်လှောင်ကြခြင်းကြောင့်လည်း ထိုင်းပြည်တွင်းမှာ ဆန်ဈေးတက်နေစေသည်။

အယ်နီညိုကြောင့် စက်တင်ဘာလနှင့်အောက်တိုဘာလများတွင် မိုးရွာသွန်းမှုလျော့နည်းဖွယ်ရှိသည်။ စပါးပင်တို့ ရေလိုအပ်မှု အများဆုံးလများတွင် မိုးနည်းနေနိုင်သည်။ နိုဝင်ဘာလ စပါးပေါ်ချိန်တွင် အထွက်နှုန်းကျဆင်းနိုင်သည်။ ထိုသို့ ကျဆင်းပါက ထိုင်းဆန်တင်ပို့မှု ယခုနှစ်နှင့်နောက်နှစ်တို့တွင် လျော့ကျလိမ့်မည်။ သို့သော် ထိုင်းနိုင်ငံ ဆန်တင်ပို့သူများ အသင်းက ၂၀၂၃ ဆန်တင်ပို့မှုလျာထားချက် တန်ချိန် ၈.၅ သန်းကို မျှော်မှန်းထားဆဲဖြစ်သည်။

**Source :Asia nikkei**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6762-asia-rice.html

## ဗီယက်နမ်နိုင်ငံ ပို့ကုန်ဆန်စျေးနှုန်း ကမ္ဘာ့အမြင့်ဆုံးမှာ ဆက်ရှိနေ

ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့တင်ပို့သည့် ဆန်စျေးနှုန်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်နေဆဲဖြစ်သည်။ ၅% ဆန်ကွဲပါ ဆန်စျေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ ၆၃၈ သို့ ရောက်ရှိနေသည်။ ၂၅% ဆန်ကွဲပါဆန်စျေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ ၆၂၃ သို့ ရောက်ရှိနေသည်ဟု ဗီယက်နမ် စားသောက်ကုန်အသင်းက ပြောကြားသည်။

၅% ဆန်ကွဲပါ ထိုင်းဆန် စျေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ ၆၂၈ သို့ ရောက်ရှိနေသည်။ ၅% ဆန်ကွဲပါ ပါကစ္စတန်ဆန်စျေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ ၅၉၈ သို့ ရောက်ရှိနေသည်။

ဗီယက်နမ်နိုင်ငံ၏ စပါးကျီဖြစ်သော မဲခေါင်မြစ်ဝကျွန်းမှထွက်သည့် စပါးစျေးနှုန်းသည်လည်း မကြုံစဖူးမြင့်တက်နေ သဖြင့် လယ်သမားများ အမြတ်ကောင်းကောင်း ရရှိကြသည်။

မကြာသေးမီက ဗီယက်နမ် စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာနသည် ဆန်တင်ပို့ခွင့် အရည်အချင်းပြည့်မီသော စီးပွားရေး လုပ်ငန်း ၂၁၀ စာရင်းကို ထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်သည် ယခုနှစ် ပထမခုနှစ်လအတွင်း ဆန်တန်ချိန် ၄ ဒသမ ၈၃ သန်း တင်ပို့ခဲ့သည်။ ကျန်ငါးလအတွင်း တန်ချိန် ၂ ဒသမ ၆၇ သန်းခန့် တင်ပို့ရန်စီစဉ်ထားသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6760-asia-rice.html

## ထိုင်းနှင့်သီရိလင်္ကာနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၂၄ ခုနှစ် အစောပိုင်းတွင် လက်မှတ်ရေးထိုးသွားမည်ဖြစ်

ထိုင်းနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ် (FTA) ကို ၂၀၂၄ ခုနှစ် အစောပိုင်းတွင် နှစ်နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ (၆) ကြိမ်မြောက် ဆွေးနွေးပွဲကို ထိုင်းနိုင်ငံတွင် ဩဂုတ်လ ၂၁-၂၃ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယခုနှစ်၏ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ဆွေးနွေးပွဲ (၃) ကြိမ် ထပ်မံကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်းတွင် ဆွေးနွေးမှုများကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Ms. Auramon Supthaweethum က ပြောကြားခဲ့ပါသည်။

(၆) ကြိမ်မြောက် ဆွေးနွေးပွဲတွင် တိုးတက်မှုနှင့်နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ၇ ဖွဲ့ကို ကြီးကြပ်စောင့်ကြည့်နိုင်ရန် အတွက် ကုန်သွယ်မှုညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ နှစ်ဖက်စလုံးမှ ဌာနတွင်းလုပ်ငန်းစဉ်များကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းမှုရလဒ်များကို သက်ဆိုင်ရာအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်တောင်းခံသွားမည် ဖြစ်ကြောင်း Ms. Auramon က ဆက်လက်ပြောကြားခဲ့ပါသည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံအရွယ်အစားသေးငယ်ပြီး လူဦးရေ (၂၂) သန်းခန့်သာရှိသော်လည်း ရေကြောင်းသယ်ယူ ပို့ဆောင်ရေးအတွက် အချက်အခြာဖြစ်သည့် အိန္ဒိယသမုဒ္ဒရာအတွင်း၌ အရေးပါသော ပထဝီဝင်အနေအထားရှိပါကြောင်း၊ အဖိုးတန်သော သတ္တုများနှင့် ပင်လယ်စာကဲ့သို့သော သဘာဝရင်းမြစ်များ ပေါကြွယ်ဝပါကြောင်း၊ ထိုင်း-သီရိလင်္ကာ FTA မှ ရင်းနှီးမြှုပ်နှံမှုများနှင့် ထိုင်းပို့ကုန်များအပါအဝင် ထိုင်းနိုင်ငံ၏စီးပွားရေးကို ၀.၀၂ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၈၀ သန်း) ချဲ့ထွင်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားပါသည်။

စာချုပ်မှ အကျိုးကျေးဇူးရရှိနိုင်မည့် ထုတ်ကုန်များမှာ မိုဘိုင်းဖုန်းများ၊ မော်တော်ယာဉ် အစိတ်အပိုင်းများ၊ ယန္တရား၊ လျှပ်စစ်ပစ္စည်းများ၊ သတ္တုများ၊ သကြားနှင့် ပလပ်စတစ်စသည်တို့ဖြစ်ကြောင်း၊ အစားအစာပြုပြင်သည့် စက်ရုံ၊ အဖျော်ယမကာ၊ ချည်မျှင်နှင့် အထည်ချုပ်များနှင့် လက်ဝတ်ရတနာ အစရှိသည့် ထိုင်းစက်ရုံများသည်လည်း သီရိလင်္ကာတွင် ရင်းနှီးမြှုပ်နှံမှုများ ချဲ့ထွင်သွားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ယခုနှစ် ပထမ ၆ လအတွင်း နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၇၉ သန်း ရှိခဲ့ပါ ကြောင်း၊ ထိုင်းနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂၀ သန်း ရှိ ကုန်စည်များ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၉.၄ သန်း တင်သွင်းနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_290820231017

## ဘတ်ဈေးမြင့်နေမှုကြောင့် ထိုင်းမှသွင်းသည့် ကုန်စည်များပါ ဈေးမြင့်တက်လာ

ပြီးခဲ့သည့် လဆန်းပိုင်းမှစတင်ကာ ထိုင်းဘတ်ငွေလဲနှုန်းများ မြင့်တက်ခဲ့ရာမှ လက်ရှိအချိန်ထိ ပြန်လည်ကျဆင်းလာခြင်း မရှိသေးဘဲ ကာလရှည်မြင့်တက်လျက်ရှိရာ ထိုင်းနိုင်ငံဘက်မှ တင်သွင်းသည့်သွင်းကုန်များ ဈေးကွက်အတွင်း ဈေးမြင့်တက်လာကြောင်း သွင်းကုန်လုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

"ဘတ်တွေက ဆက်တိုက်မြင့်တက်လာတော့ သွင်းကုန်တင်သွင်းတဲ့သူတွေအတွက်လည်း အဆင်မပြေသလို ဒီဘက်က ဝယ်ယူသူတွေအတွက်ကလည်း အဆင်မပြေဘူး။ ဘတ်ဈေးမြင့်လေ သူကဈေးတက်လေပဲ။ ပြီးတော့ အစ်မတို့ကျတော့ လိုင်စင်အသစ်လျှောက်တဲ့အခါမှာလည်း အဆင်မပြေဘူး"ဟု သွင်းကုန်လုပ်ငန်းရှင် မဇင်မီက ပေါ် ပြူလာနယူးစ်သို့ ပြောသည်။

ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ စားသောက်ကုန်၊ လူသုံးကုန်နှင့်လျှပ်စစ်ပစ္စည်းစသည်တို့ တင်သွင်းရောင်းချနေပြီး လက်ရှိ ငွေဈေးအပြောင်းအလဲနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကုန်ပစ္စည်းများမှာ အမျိုးအစားပေါ်အလိုက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ဈေးမြင့်တက်လာကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်း နစက၏ ကျပ်နှစ်သောင်းတန်ထုတ်ဝေခြင်း၊ စင်ကာပူအခြေစိုက် United Oversea Bank (UOB) က မြန်မာလုပ်ငန်းရှင်များ၏ လုပ်ငန်းသုံးငွေပေးချေမှုကို ယာယီဆိုင်းငံ့ခြင်းစသည့် ဂယက်များကြောင့် မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းကာ နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ နံနက်ပိုင်း ဈေးကွက်အတွင်း ပေါက်ဈေးအရ ထိုင်းငွေ တစ်ဘတ်လျှင် မြန်မာကျပ်ငွေ ၁၀၄ ကျပ် ဝန်းကျင်အထိ ရှိနေပြီး မြန်မာငွေ တစ်သိန်းလျှင် ထိုင်းငွေ ၉၆၀ ဘတ် (ဘတ်ပေးကျပ်ယူ)နှင့် ကျပ်ပေးဘတ်ယူ ပေါက်ဈေးမှာ မြန်မာငွေ တစ်သိန်းလျှင် ၉၄၀ ဘတ်ရှိကြောင်း သိရသည်။

ရှေ့တပတ်တွင်နိုင်ငံခြားငွေဈေးကျမည်ဟူသောသတင်းများထွက်ပေါ်နေသော်လည်း သွင်းကုန်ပစ္စည်းများမှာ သွင်းခွင့် လိုင်စင်ခက်ခဲနေသေးခြင်းကြောင့် အချို့ကုန်ပစ္စည်း ဈေးနှုန်းပြန်ကျဖို့မှာ မသေချာသေးကြောင်း၊ ပစ္စည်းရောင်းသူများက ချရောင်းချင်ပါကြောင်း ပေါ်ပြူလာနယူးစ်သို့ပြောကြားကြသည်။ ခုနောက်ပိုင်း ငွေကြေးဈေးကွက်မတည်ငြိမ်မှုမှာ စီးပွား ရေးသမားတွေ ဝင်ကစားတာထက် ပြည်သူရဲ့ Panic Buying တွေကြောင့် ပိုဆိုးတယ်လို့မြင်ပါတယ်ဟု ကုန်စည်ပို့ဆောင် ရေးလုပ်ငန်းရှင်တစ်ဦးကဆိုထားသည်။

**Source:** https://www.popularmyanmar.com/?p=126920

# STOCK EXCHANGE (29.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 29th Aug. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,075 (Shares) | 17,953,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +0 | +0.00% | 9,500 | 9,600 | 9,500 | 395 | 3,752,600 | 33,109,694 | 314,542 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,307 | 4,182,400 | 38,929,150 | 124,573 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 83 | 141,100 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 120 | 294,000 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 8 | 18,400 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 5 | 24,500 | 10,497,598 | 51,438 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 5,157 | 9,540,450 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 29th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.74 | +0.00 | +0.00% | 394.74 | 396.50 | 394.74 | 7,075 | 17,953,450 | 8 | 744,555 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 29th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 7,075 (Shares) | 17,953,450 (MMK) |

## Main Board

As of 1:00 pm, 29th Aug. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,075 (Shares) | 17,953,450 (MMK) |

| MYANPIX | 394.74 ▲ 0.00 |
|---|---|
| Total Volume (shares) | 7,075 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 744,555 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 0 |